ISP ကပြင်ရပ်ဝန်း

# ISP ON POINT

အမှတ်-၁၄ ၊ ၂၀၂၃ ခုနှစ် မေ ၇ ရက်

# အထိုင်သစ်ပြန်ချလာသော တရုတ်၏ မြန်မာ့အရေးမူဝါဒ

## တရုတ်လမ်းထွင်သည့် နိုင်ငံရေးထွက်ပေါက်ကို စစ်ကောင်စီ အလိုက်သင့်လက်ခံမည်လော



Photo: GNLM

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စစ်ကောင်စီဥက္ကဋ္ဌ ဦးဆောင်သော စစ်ကောင်စီအဖွဲ့ဝင်များ

## ဖြစ်ရပ်အချက်အလက်

တရုတ် နိုင်ငံခြားရေးဝန်ကြီးသစ် မစ္စတာချင်ကန်းဟာ ၂၀၂၃ ခုနှစ် မေ ၂ ရက်မှာ နေပြည်တော်ကို သွားခဲ့ပါတယ်။ စစ်အာဏာသိမ်းမှုအလွန် နှစ်နှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် ထိပ်တန်းပုဂ္ဂိုလ်တဦး နေပြည်တော်ကို ပထမဆုံး ရောက်ခဲ့တာလည်း ဖြစ်ပါတယ်။ သူ့ခရီးစဉ်မတိုင်မီ နာရီပိုင်းအတွင်းမှာ မြန်မာနိုင်ငံနဲ့ ဘက်စုံအကျိုးစီးပွား များစွာရှိနေတဲ့ ယူနန်ပြည်နယ်ကို သွားခဲ့ပါသေးတယ်။ ဒီမတိုင်ခင် လပိုင်းကလည်း တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ရှုဘင်အပြင် ယူနန်ပြည်နယ်က အဆင့်မြင့်အရာရှိတွေ မြန်မာနိုင်ငံကို ခပ်စိပ်စိပ် လာခဲ့ပါတယ်။

## ကနဦးသုံးသပ်ချက်

တရုတ်နိုင်ငံ ထိပ်ပိုင်းအရာရှိတွေ မြန်မာနိုင်ငံကို အခုလို ခပ်စိပ်စိပ်ရောက်လာခြင်းက မြန်မာ့အရေး (နိုင်ငံချင်းဆက်ဆံရေးအဆင့်) မှာ တရုတ်နိုင်ငံရဲ့ မူဝါဒ အထိုင်သစ်ပြန်ချတာ ဖြစ်ဖွယ်ရှိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပြီး အခြေခံဥပဒေဘောင်အတွင်းက ဆွေးနွေးညှိနှိုင်းရေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို မဖျက်ရေးစတဲ့ နိုင်ငံရေးချဉ်းကပ်မှုလမ်းဟောင်းကို အချိန်အကန့်အသတ်မရှိ မျှော်လင့်မယ့်ပုံ မရှိတော့ပါဘူး။ အဲဒီအစား ဖြစ်နိုင်ခြေရှိတယ်လို့ သူတို့ ယူဆထားတဲ့ (ရွေးကောက်ပွဲ ကျင်းပရေးလို) နိုင်ငံရေးထွက်ပေါက်သစ်ကို မြန်မြန်ရှာစေချင်တာဟာ တရုတ်နိုင်ငံရဲ့ မူဝါဒချဉ်းကပ်မှုအသစ်မှာ အဓိကကျလာပုံရပါတယ်။ မြန်မာနိုင်ငံရဲ့ပြည်တွင်းလုံခြုံရေးအခြေအနေဟာ ဆိုးရွားနေဆဲဖြစ်ပေမဲ့ တရုတ်နိုင်ငံရဲ့အကျိုးစီးပွား ကြီးကြီးမားမား ထိခိုက်နိုင်လောက်တဲ့အနေအထား မဖြစ်အောင် ထိန်းထားနိုင်ပြီလို့လည်း တရုတ်နိုင်ငံက ယူဆနေပုံရပါတယ်။

ပြီးခဲ့တဲ့နှစ်နှစ်အတွင်း တရုတ်နိုင်ငံဟာ မြန်မာ့ပြည်တွင်းလုံခြုံရေးမှာ လက်တံခြေတံဆန့်ထုတ်ပြီး (တရုတ်နိုင်ငံနဲ့ ဆက်စပ်မှုရှိတယ်လို့ ရည်ညွှန်းခံရလေ့ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) တွေကတဆင့်) လက်လီစိတ် အားထုတ်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ ဒ့ါအပြင် စီးပွားရေးအရ မဟာဗျူဟာမြောက် စီမံကိန်းတွေကိုလည်း အသေအချာ တွက်ချက်ပြင်ဆင်ခဲ့ပါတယ်။ နိုင်ငံခြားရေးမှာလည်း မြန်မာ့အကျပ်အတည်းမှာ နိုင်ငံတကာ (အနောက်နိုင်ငံတွေ) က အမြဲ အာရုံစိုက် ဝင်ပါ (Internationalization of the Myanmar’s Conflict) နေရာကနေ အာဆီယံဗဟိုပြု (ASEAN-Centrality) ဖြေရှင်းသင့်တဲ့ ဒေသတွင်းအရေး (Regionalization) ဖြစ်အောင် ထိန်းညှိ၊ အဲဒီကတဆင့် အိမ်နီးချင်းနိုင်ငံအချင်းချင်း ဝိုင်းကူရမယ့်ကိစ္စ၊ အိမ်နီးချင်း သံတမန်ရေးအားထုတ်မှု (Neighbor-hood Diplomacy) ဖြစ်အောင် တံတိုင်းခတ်ပေးတာမျိုးကို ဦးတည်လာတာ တွေ့နိုင်ပါတယ်။ တချိန်တည်းမှာပဲ အမေရိကန်ရဲ့ မြန်မာ့အရေးကိုသုံးပြီး တရုတ်ကို (အနိမ့်ဆုံး တရုတ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင်) တွဲထောင်းမယ့်ကိစ္စ၊ ရုရှားနိုင်ငံက မြန်မာနိုင်ငံအတွင်း ပိုမိုခြေရှုပ်လာတဲ့အပေါ် စိတ်မရှည်လာတာမျိုးလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ မြန်မာစစ်ကောင်စီဟာ ကိုယ်မွေးတဲ့မီး ကိုယ်မငြိမ်းနိုင်၊ ကိုယ့်ထွက်ပေါက် ကိုယ်မရှာနိုင်ဖြစ်နေလို့ (ဒါမှမဟုတ်) ရှာဖို့ငြင်းဆန်နေတဲ့သဘောဖြစ်ပုံရလို့ တရုတ်နိုင်ငံဟာ ဦးသန်းရွှေလို စစ်ခေါင်းဆောင်ဟောင်းတွေအပါအဝင် အင်အားစုပေါင်းစုံကို တွေ့ဆုံဟန်ချက်ညှိပြီး သူတွန်းချင်တဲ့လမ်းကြောင်းကို ထွင်နေပုံရတယ်လို့ ကနဦးသုံးသပ်နိုင်ပါတယ်။

# ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် စစ်ကောင်စီအကြား ဆက်ဆံရေးမှတ်တမ်းအကျဉ်း (၂၀၂၁-၂၀၂၃)

## ရုရှားနိုင်ငံနှင့်ဆက်ဆံရေး

### ၂၀၂၁

**မတ် ၂၇၊ ၂၀၂၁**
ရုရှား ဒုတိယကာကွယ်ရေးဝန်ကြီး အလက်ဇန္ဒားဖိုမင်
နေပြည်တော်၌ကျင်းပသည့် တပ်မတော်နေ့ စစ်ရေးပြပွဲသို့ တက်ရောက်ခဲ့။

**ဇွန် ၂၀၊ ၂၀၂၁**
စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတကာ လုံခြုံရေးဆိုင်ရာ မော်စကိုညီလာခံ (MCIS-2021) ကိုတက်ခဲ့။
အာဏာသိမ်းပြီးနောက် ၎င်း၏ ပထမဆုံး ရုရှားခရီးစဉ်ဖြစ်။

### ၂၀၂၂

**ဇူလိုင် ၁၁၊ ၂၀၂၂**
စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ရုရှားနိုင်ငံသို့ ဒုတိယအကြိမ် သွားရောက်ခဲ့ပြီး ရုရှား ဒုတိယ
ကာကွယ်ရေးဝန်ကြီး အလက်ဇန္ဒားဖိုမင်နှင့် တွေ့ဆုံဆွေးနွေးခဲ့။

**သြဂုတ် ၃၊ ၂၀၂၂**
ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဆာဂေးလက်ဘရော့ဗ်
မြန်မာနိုင်ငံသို့ လာရောက်ခဲ့။ စစ်ကောင်စီလက်ထက် ရုရှားအစိုးရအဖွဲ့မှ
အဆင့်မြင့်အရာရှိတဦး ပထမဆုံး လာရောက်မှုဖြစ်။

**စက်တင်ဘာ ၇၊ ၂၀၂၂**
စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ရုရှားနိုင်ငံသို့ တတိယအကြိမ် သွားရောက်ခဲ့ပြီး
ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့။

**နိုဝင်ဘာ ၂၉၊ ၂၀၂၂**
ရုရှားတပ်မတော်၊ စစ်ဦးစီးချုပ်ရုံးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး
အလက်ဇေရိုစတစ်လာဗိုဗစ် နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**ဒီဇင်ဘာ ၅၊ ၂၀၂၂**
ရုရှားနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ရီရှက်နီကော့ဗ်
နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**ဒီဇင်ဘာ ၆၊ ၂၀၂၂**
ရုရှားနိုင်ငံ၊ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov
ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

### ၂၀၂၃

**ဖေဖော်ဝါရီ ၆၊ ၂၀၂၃**
ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ညွှန်ကြားရေးမှူးချုပ်
Alexey Evegenievinch Likhachev ရန်ကုန်မြို့တွင် စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**မတ် ၁၄၊ ၂၀၂၃**
ရုရှားနိုင်ငံ ရေနံ့စိမ်းကွန်ဂရက်ရင်းနီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး
SHATIROV Alexander Sergeevich နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**မတ် ၂၆၊ ၂၀၂၃**
ရုရှား ဒုတိယ ကာကွယ်ရေးဝန်ကြီး အလက်ဇန္ဒားဖိုမင် တပ်မတော်နေ့အခမ်းအနား
တက်ရောက်ရန် နေပြည်တော်သို့လာရောက်။ ၎င်းကို စစ်ကောင်စီက သီရိပျံချီဘွဲ့တံဆိပ်
ပေးအပ်ခဲ့ပြီး ရုရှားသိပ္ပံအကယ်ဒမီ အရှေ့တိုင်းလေ့လာရေး အင်စတီကျုကလည်း
စစ်ကောင်စီဥက္ကဋ္ဌအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ပြန်ပေးခဲ့။

**မတ် ၃၀၊ ၂၀၂၃**
ရုရှား Rusatom International Network, ROSATOM က ပုပ္ပားဒေသ၊
မင်းတုန်းဒေသနှင့် မင်းလှဒေသတို့တွင် လေအားလျှပ်စစ်ထုတ်လုပ်ရေး
စီမံကိန်းအဆိုပြုချက် စစ်ကောင်စီထံသို့ တင်သွင်းခဲ့။

## တရုတ်နိုင်ငံနှင့်ဆက်ဆံရေး

### ၂၀၂၁

**မတ် ၇၊ ၂၀၂၁**
မြန်မာ့အရေး တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ အဆိုပြုချက်သုံးရပ် ထွက်ပေါ်ခဲ့။
အာဆီယံနည်းလမ်းဖြင့် ဘုံသဘောတူညီချက်ရအောင် ကြားဝင်စေ့စပ်
ဖျန်ဖြေသည်ကို ထောက်ခံကြောင်း ပြောဆိုခဲ့။

**သြဂုတ် ၁၈၊ ၂၀၂၁**
တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက အာဆီယံအထူးကိုယ်စားလှယ်
ဒါတိုအီရီဝမ်ယူဆော့ဖ်အား မြန်မာ့အရေး အကြံပြုချက်လေးရပ် ပြောခဲ့ပြီး
သည်းခံစိတ်ရှည်မှု၊ တွေ့ဆုံဆွေးနွေးမှုများမှတဆင့် ငြိမ်းချမ်းရေးမြှင့်တင်ဆောင်ရွက်ရေး
လမ်းကြောင်း ကိုင်စွဲထားရန် ပြောဆိုခဲ့။

**သြဂုတ် ၂၁-၂၈၊ ၂၀၂၁**
တရုတ်အစိုးရ၏ အာရှရေးရာအထူးကိုယ်စားလှယ် ဆွန်းကော့ရှန်
မြန်မာနိုင်ငံသို့ တပတ်ကြာ လာရောက်ခဲ့ပြီး စစ်ကောင်စီဥက္ကဋ္ဌ အပါအဝင်
စစ်ကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံ။

**နိုဝင်ဘာ ၁၅၊ ၂၀၂၁**
တရုတ်အစိုးရ၏ အာရှရေးရာအထူးကိုယ်စားလှယ် ဆွန်းကော့ရှန်
နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**နိုဝင်ဘာ ၂၂၊ ၂၀၂၁**
စစ်ကောင်စီကိုမခေါ်ဘဲ ကျင်းပခဲ့သည့် တရုတ်-အာဆီယံ အစည်းအဝေး
ဆွေးနွေးချက်များအား တရုတ်သံအမတ်ချုန်းဟိုင် နေပြည်တော်သို့ သွားရောက်ရှင်းပြ။

### ၂၀၂၂

**ဇူလိုင် ၃၊ ၂၀၂၂**
လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ
အစည်းအဝေးတက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ
မြန်မာနိုင်ငံ၊ ပုဂံမြို့ကိုလာခဲ့ပြီး နေပြည်တော်သို့ သွားရောက်ခြင်းမရှိခဲ့။

**ဒီဇင်ဘာ ၂၄-၂၆၊ ၂၀၂၂**
တရုတ်အစိုးရ၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း FPNCC
အဖွဲ့ဝင် မြောက်ပိုင်းမဟာမိတ် EAOs ခုနစ်ဖွဲ့နှင့် ယူနန်ပြည်နယ်၌ သီးခြားစီတွေ့ဆုံ။

**ဒီဇင်ဘာ ၂၉-၃၀၊ ၂၀၂၂**
တရုတ်အစိုးရ၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း
နေပြည်တော်သို့ လာရောက်ပြီး စစ်ကောင်စီနှင့် တွေ့ဆုံခဲ့။

### ၂၀၂၃

**ဖေဖော်ဝါရီ ၁၈-၁၉၊ ၂၀၂၃**
မိုင်းလားအပါအဝင် EAOs သုံးဖွဲ့၏ ဌာနချုပ်များသို့ တရုတ်အစိုးရ၏
အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း သွားရောက်။

**မတ် ၆၊ ၂၀၂၃**
တရုတ်အစိုးရ၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း
နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**ဧပြီ ၃၊ ၂၀၂၃**
ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်နင်
နေပြည်တော်၌ စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။

**ဧပြီ ၁၆-၁၉၊ ၂၀၂၃**
တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်
မစ္စတာဖန်ရှုဘင် နေပြည်တော်လာခဲ့ပြီး ဦးသန်းရွှေ၊ ဦးသိန်းစိန်တို့နှင့်တွေ့ဆုံခဲ့။
စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံမှုမရှိခဲ့။

**မေ ၁၊ ၂၀၂၃**
တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဘေဂျင်း၌ မြန်မာနိုင်ငံဆိုင်ရာ
ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စစ်နိုလင်းဟေဇာနှင့် တွေ့ဆုံခဲ့။

**မေ ၂၊ ၂၀၂၃**
တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း နေပြည်တော်၌
စစ်ကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့။ ထိုနေ့မှာပင် ဦးသန်းရွှေနှင့်လည်း တွေ့ဆုံခဲ့။

**မေ ၅၊ ၂၀၂၃**
မြန်မာနိုင်ငံအား ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏
ဆွေးနွေးဖက်နိုင်ငံအဖြစ် တရုတ်နိုင်ငံခွင့်ပြုခဲ့။

အာဏာသိမ်းစကာလတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ဗဟိုပြုချဉ်းကပ်မှုကို ကိုင်စွဲပြီး NLD အစိုးရလက်ထက် သဘောတူခဲ့တဲ့ စီမံကိန်းတွေ ဆက်လုပ်ဖို့ တရုတ်နိုင်ငံက အဓိကထား ပြောခဲ့ပါတယ်။ ဒါပေမဲ့ စစ်ကောင်စီက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာသံတမန်တွေနဲ့ တွေ့ခွင့်မပေးခဲ့တဲ့အပြင် နှစ်ရှည်ထောင်ဒဏ် ချခဲ့ပါတယ်။ NLD ပါတီကိုလည်း ဖျက်သိမ်းခဲ့ပါတယ်။ စစ်ကောင်စီရဲ့သဘောထားတင်းမာမှုကို ရင်ဆိုင်ရတဲ့ တရုတ်နိုင်ငံဟာ ပြီးခဲ့တဲ့နှစ်နှစ်အတွင်းမှာ သူ့ရဲ့ အခင်းအကျင်းအားလုံး အဆင်သင့်ဖြစ်အောင် အောက်ခြေမှာ ကြိုးပမ်းခဲ့ပါတယ်။ နိုင်ငံရေးမြားဦး သူ့ဘက်မလှည့်နိုင်အောင် NLD အစိုးရရဲ့ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို ဆက်ခန့်ထားရေးကိစ္စကနေ လုံခြုံရေးကောင်စီနဲ့ အာဆီယံရဲ့ မြန်မာ့အရေးဆုံးဖြတ်ချက်တွေမှာ အလုံးစုံကန့်ကွက်ငြင်းဆိုတာမျိုး မလုပ်ခဲ့ပါဘူး။ သူ့အကျိုးစီးပွားကို အခြေခံကျကျ မထိခိုက်သရွေ့ လက်ခံခဲ့ပြီး တိုက်ရိုက်စွက်ဖက်လို့မရတဲ့ အနေအထားလောက်မှာ ခွေထား ကန့်ထား (Seize and Freeze the Myanmar Agenda) ခဲ့တာကို သတိပြုမိနိုင်ပါတယ်။


တဖက်မှာလည်း တရုတ်နဲ့နီးစပ်တယ်လို့ ရည်ညွှန်းခံရလေ့ရှိတဲ့ EAOs တွေကတဆင့် မဟာဗျူဟာကျတဲ့ စီမံကိန်းတွေရဲ့ လုံခြုံရေး၊ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးဖြန့်ကျက်နိုင်ရေးနဲ့ မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်လာတဲ့ ပဋိပက္ခမီးတွေ နယ်စပ်တကြော ကူးမလာနိုင်အောင် ကန့်ထားနိုင်ခဲ့ပါတယ် (**အလေးထားရမည့် ညွှန်းပြမြေပုံ အမှတ် – ၈ ကို ရှုပါ**)။ ဒါတင်မကဘဲ နယ်စပ်ဒေသတွေမှာ နယ်စပ်ဖြတ်ကျော်မှုခင်း ထိန်းချုပ်ရေးကို အားစိုက်ခဲ့ပါတယ်။ တရုတ်နိုင်ငံအတွက် မဟာဗျူဟာမြောက် အကျိုးစီးပွားများစွာရှိနေတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းက EAOs တွေ ထောက်ပံ့ပေးထားတဲ့ ပြည်သူ့ကာကွယ်ရေးတပ် (PDFs) တွေ ပိုကြီးထွားမလာအောင်၊ နယ်စပ်ဒေသမှာ တိုက်ပွဲတွေမဖြစ်အောင်၊ အထူးသဖြင့် PDF တွေရဲ့လှုပ်ရှားမှုက တရုတ်နိုင်ငံရဲ့အကျိုးစီးပွား မထိခိုက်အောင် ထိန်းချုပ်ကန့်သတ်ရေးမူ (Containment Policy) ချထားနိုင်ပါတယ်။

တရုတ်အထူးကိုယ်စားလှယ်သစ် တိန့်ရှီကျွန်းရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) လို မြောက်ပိုင်းမဟာမိတ် EAOs ခုနစ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်ကိုကြည့်ရင် (**ISP-Explainer အမှတ် – ၁ ကို ရှုပါ**) သတိပြုမိစရာတွေရှိပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းက EAOs တွေနဲ့ စစ်ကောင်စီအကြား ငြိမ်းချမ်းရေး သဘောတူညီချက်တွေရနိုင်တဲ့ အလားအလာရှိသလို၊ အဲဒီ EAOs တွေနဲ့ အသစ်ပေါ်လာတဲ့ PDF တွေကို ခွဲထုတ်ပြီး အင်အားချည့်နဲ့စေဖို့ ဦးတည်သွားနိုင်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံမှာ အသစ်ပေါ်ပေါက်လာတဲ့ အင်အားစုတွေနဲ့ လက်နက်ကိုင်တွေရဲ့


## အလေးထားရမည့် ညွှန်းပြမြေပုံများ **အမှတ်-၈**

### တရုတ်စီမံကိန်းများ၏ အနီးတဝိုက် ဆက်စပ်နေရာများ၌ တိုက်ပွဲဖြစ်မှု

**အာဏာသိမ်းမှုအလွန် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် အထိ** တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် ပြည်နယ်နှင့်တိုင်း **ရှစ်ခု**မှ မြို့နယ် **၄၃ ခု**တွင် တိုက်ပွဲပေါင်း **၃၀၁ ကြိမ် ထက်မနည်း** ဖြစ်ခဲ့ပါသည်။ သို့သော် မဟာဗျူဟာကျသော တရုတ်စီမံကိန်းကြီးများ တည်ရှိရာနေရာအများအပြားနှင့် တရုတ်-မြန်မာ နယ်စပ်တကြော၌ တိုက်ပွဲဖြစ်မှု နည်းပါးခဲ့သည်။



## မြို့နယ်ပေါင်း ၄၃ ခုတွင် တိုက်ပွဲပေါင်း ၃၀၁ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့




အာဏာသိမ်းမှုအလွန် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက် အထိ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်ထားသည့် ပြည်နယ်နှင့်တိုင်း **ရှစ်ခု**မှ မြို့နယ် **၄၃ ခု**တွင် တိုက်ပွဲပေါင်း **၃၀၁ ကြိမ်ထက်မနည်း** ဖြစ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် တိုက်ပွဲအကြိမ်ရေ **၁၀၁ ကြိမ်ထက်မနည်း** ဖြစ်ခဲ့ရာမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ (၁၀ လ အတွင်း) တိုက်ပွဲအကြိမ်ရေ **၂၀၀ ထက်မနည်း** ဖြစ်လာသည့်အတွက် **နှစ်ဆနီးပါး** များပြားလာသည်ကို တွေ့ရပါသည်။ သို့သော်မဟာဗျူဟာကျသော တရုတ်စီမံကိန်းကြီးများ တည်ရှိရာ နေရာအများအပြားနှင့် တရုတ်-မြန်မာ နယ်စပ်တကြော၌ တိုက်ပွဲဖြစ်မှုနည်းပါးခဲ့သည်။

- အင်အား၊ စုဖွဲ့မှု၊ ကျောထောက်နောက်ခံ၊ စွမ်းဆောင်ရည်နဲ့ ဦးတည်ချက် စတာတွေကို အာရုံစိုက်ပြီးဖြစ်တာကြောင့် သူ့အကျိုးစီးပွားအပေါ်ထိခိုက်နိုင်ခြေရှိတဲ့ အင်အားစုတွေကို ပကတိဘာဝအခြေအနေ (Structurally) အရ ရှန်းထွက်လို့မရအောင် လုပ်ဆောင်ပြီးသားလို ဖြစ်နေပါတယ်။

စစ်အာဏာသိမ်းမှုအလွန်မှာ တရုတ်နိုင်ငံဟာ မြေပြင်မှာရှိနေတဲ့ သူ့အကျိုးစီးပွားတွေကို ပဋိပက္ခနဲ့ခွာခြင်း (Decouple) လုပ်ဆောင်ချက်ကို အောင်မြင်အောင် လုပ်နိုင်ခဲ့တဲ့အပြင် မဟာဗျူဟာအစီအမံတွေ (ကုန်းလမ်း၊ ရေလမ်း၊ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေကစလို့ စက်မှုဇုန်တွေ တည်ဆောက်ရေးအထိ)နဲ့ မြန်မာနိုင်ငံကို အဘက်ဘက်က ထိန်းချုပ်ကန့်သတ် ဘောင်ခတ်ထားနိုင်ဖို့ ပြင်ဆင်တည်ဆောက်ခဲ့ပါတယ်။ သူတို့ရဲ့မဟာဗျူဟာမြောက် အခင်းအကျင်းတွေ (Strategic Interests) အားလုံး အဆင်သင့်ဖြစ်ချိန်မှာ မြန်မာနိုင်ငံခရီးစဉ်တွေ ဆက်တိုက်ဖြစ်လာပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံကို စစ်တပ်ကပဲ အချိန်အကြာကြီး ဆက်အုပ်ချုပ်ပြီး ပဋိပက္ခတွေ ပိုဆိုးရွားလာတာ၊ နိုင်ငံတကာ ဝင်စွက်ဖက်ခွင့်ရအောင် အညီှရှိလို့ ယင်တလောင်းလောင်းဖြစ်နေတာမျိုးကို တရုတ်နိုင်ငံက ရှောင်ရှားချင်ပုံရပါတယ်။ အပြုတ်တိုက်ချဉ်းကပ်မှုနဲ့ နိုင်ငံရေးထွက်ပေါက်မရှိ ဖြစ်သွားမှာကိုလည်း လိုလားပုံမရပါဘူး။

တရုတ်နိုင်ငံ၏ မဟာအဖွင့်အလွှန်
နယ်စပ်လုံခြုံရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပေါ် အာရုံစိုက်လာ

ISP Explainer အမှတ်-၁ ➤

SCAN THIS CODE

အထူးသဖြင့် စစ်ကောင်စီက အရေးပေါ်ကာလကို သက်တမ်းတိုးပြီး ရွေးကောက်ပွဲလုပ်မယ့်အချိန်ကိုလည်း အတိအကျမပြော၊ နိုင်ငံရေးအခင်းအကျင်းကနေ ထွက်ပေါက် (Exit Strategy) မရှာတော့ဘဲ မထူးဇာတ်ခင်း စစ်အုပ်ချုပ်ရေး သက်ဆိုးရှည်မှာကို တရုတ်နိုင်ငံက စိုးရိမ်ပုံရပါတယ်။ တရုတ်နိုင်ငံအတွက်တော့ ရွေးကောက်ပွဲလုပ်၊ အားကြီးတဲ့ပါတီ အနိုင်ယူ၊ တည်ငြိမ်မှုကိုထိန်း၊ အနောက်နိုင်ငံတွေကို လိုတာထက်ပိုမခေါ်နဲ့၊ သူနဲ့တွဲပြီး ‘ဖွံ့ဖြိုးတိုးတက်ရေး’ ကို ဦးစားပေး စတာမျိုးကို လိုလားပါတယ်။ ဒါကြောင့် ၂၀၁၀ ပြည့်နှစ်က နိုင်ငံရေးအပြောင်းအလဲကို ဖြစ်စေခဲ့တဲ့ (ဟန်ပြပဲဖြစ်စေကာမူ) ရွေးကောက်ပွဲတွေက တဆင့် အနိုင်ရ အင်အားကြီးပါတီက ဆက်တိုက်အုပ်ချုပ် ကြီးစိုးနိုင်တဲ့ (Hegemonic Party Regime) စနစ်ကို ကျင့်သုံးလိုတဲ့ အရင် အာဏာရှင် ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေကိုလည်း တွေ့ဆုံခဲ့တာပါ။ ဦးသန်းရွှေရဲ့အင်အားကြီးပါတီကြီးစိုးတဲ့ ပါတီအခြေပြု ရွေးကောက်ပွဲစနစ်မူဝါဒကို တရုတ်နိုင်ငံက လိုလားပုံရတာကြောင့် နိုင်ငံခြားရေးဝန်ကြီးနဲ့ မတွေ့ခင်မှာ ကွန်မြူနစ်ပါတီရဲ့ ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ရှူဘင်နဲ့ အရင်တွေ့ဆုံစေတာလည်း ဖြစ်ပါတယ်။ ဒီအချက်ကိုကြည့်ရင် တရုတ်နိုင်ငံဟာ စစ်ကောင်စီကို စိတ်ရှည်မှုနည်းနေပြီလားလို့တောင် သုံးသပ်နိုင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အောက်ခြေမှာ လက်လီနိုင်ငံရေး အသင့်ဖြစ်နေပြီး ပထဝီနိုင်ငံရေးအရ၊ စီးပွားရေးအရ ဖြန့်ကျက်တာတွေ လုပ်တော့မယ့်အချိန်မှာ စစ်တပ် ဆက်အုပ်ချုပ်နေတာက သူ့အတွက်တော့ အဟန့်အတားလို ဖြစ်နေပါတယ်။ ဒါကြောင့် တချိန်က အပြောင်းအလဲဖြစ်စေခဲ့တဲ့ ရွေးကောက်ပွဲ စနစ်လိုမျိုးကို ပြန်ဖန်တီးချင်တဲ့ သဘောထားရှိပုံရပြီး၊ ဦးသန်းရွှေအပါအဝင် အင်အားစုပေါင်းစုံကို တွေ့ဆုံဟန်ချက်ညှိပြီး သူတွန်းချင်တဲ့လမ်းကြောင်းကို ထွင်နေပုံရပါတယ်။

ဒါတင်မကဘဲ မြန်မာ့အရေး ထွက်ပေါက်အတွက် အရင်က အာဆီယံကိုရှေ့တန်းတင်ခဲ့ပေမဲ့ အခုဆိုရင် Neighborhood Diplomacy ကို ရှေ့တန်းတင်လာပါတယ်။ ဒါကို အခြေပြုရာမှာလည်း နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းမှု (Bilateral Approach) နည်းအပြင်၊ အိမ်နီးချင်း သက်ဆိုင်ရာနိုင်ငံစုံပါဝင်တဲ့ ချဉ်းကပ်မှု (Multilateral Approach) နည်းကိုပါ ▶

အသုံးချတွန်းလုပ်ဖို့ တရုတ်နိုင်ငံက ကြိုးပမ်းလာပါတယ်။ အဲဒါကတော့ အလွတ်သဘော Track 1.5 အစည်းအဝေးတွေကနေအဖြေရှာဖို့ အထူးသဖြင့် မြန်မာ့အကျပ်အတည်းရဲ့ သက်ရောက်မှုကို ရင်ဆိုင်နေရတဲ့ ထိုင်းနိုင်ငံနဲ့တွဲလုပ်တာတွေ ပိုလုပ်လာတာဖြစ်ပါတယ်။ ဒီလိုလုပ်ခြင်းဟာဖြင့် တရုတ်ရဲ့ Neighborhood Diplomacy ဟာ အလုပ်မဖြစ်တဲ့ အာဆီယံရဲ့အခန်းကဏ္ဍကို အလိုလိုလျော့ပါးသွားစေပြီး မြန်မာ့အရေးမှာ အနောက်နိုင်ငံတွေ အထူးသဖြင့် အမေရိကန်ရဲ့ပါဝင်မှု အခန်းကဏ္ဍကိုလည်း အလိုလို တားဆီးရာရောက်ပြီး သား ဖြစ်စေပါတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

ထွက်ပေါက်မဲ့နေတဲ့ မြန်မာ့နိုင်ငံရေးကို တရုတ်နိုင်ငံက အဖြေရှာဖို့ကြိုးပမ်းရာမှာ အရင်က အနောက်နိုင်ငံတွေက လုပ်ဆောင်နေတဲ့အလွှာ၊ အာဆီယံက လုပ်ဆောင်နေတဲ့အလွှာ စသဖြင့် နှစ်ခုရှိနေရာက အခု တရုတ်နိုင်ငံက ဦးဆောင်ပြီးလုပ်ဆောင်စပြုလာတဲ့ အိမ်နီးချင်းသံတမန်ရေးအားထုတ်မှု (Neighbourhood Diplomacy) အလွှာဆိုပြီး ထပ်တိုးလာနိုင်ခြေရှိပါတယ်။ ဒါဟာ မြန်မာ့အကျပ်အတည်းဖြေရှင်းရေးမှာ စစ်ကောင်စီ ထွက်ပေါက်လုအောင် တရုတ်နိုင်ငံက ဒုတိယအခွင့်အရေးပေးတဲ့ပုံစံ ဖြစ်နိုင်ပါတယ်။ တရုတ်နိုင်ငံဟာ Track 1.5 အစည်းအဝေးတွေရဲ့နောက်ကွယ်ကဖြစ်ဖြစ် ပေါ်ပေါ်ထင်ထင်ဖြစ်ဖြစ် ပါဝင်နေတာကို ပိုတွေ့လာနိုင်ခြေရှိပါတယ်။ ဒီအချက်က အမေရိကန်ရဲ့ အမျိုးသား ကာကွယ်ရေးဆိုင်ရာ ဥပဒေ (NDAA) မှာ Burma Act ရဲ့သက်ရောက်မှုကို တုံ့ပြန်တယ်ဆိုတာက အနည်းအကျဉ်း အစိတ်အပိုင်းတခုသာဖြစ်ပြီး တရုတ်နိုင်ငံရဲ့လွှမ်းမိုးမှုကို ရုရှားနဲ့ တန်ပြန်မျှခြေယူဖို့ ကြိုးပမ်းတဲ့ စစ်ကောင်စီကို ပြန်လည်တုံ့ပြန်လိုက်တဲ့ အကြောင်းရင်းတရပ် အဖြစ် ရှိနေပါတယ်။ ဒီအစည်းအဝေးတွေကတဆင့် ရွေးကောက်ပွဲကို လက်ခံလာဖို့ ကြိုးပမ်းမယ့်အပြင် တဖက်က အနောက်နိုင်ငံတွေခေါင်းခဲနေတဲ့  လူသားချင်းစာနာမှု အကူအညီတွေပေးရေးကိုလည်း Track 1.5 ပလက်ဖောင်းကိုသုံးပြီး တရုတ်နိုင်ငံက လုပ်လာနိုင်ခြေရှိပါတယ်။ သေချာတာက တရုတ်နိုင်ငံနဲ့ သူအားပေးနေတဲ့ အိမ်နီးချင်း သံတမန်ရေး အားထုတ်မှုတွေဟာ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲအသစ်တွေ မြန်မြန်ကျင်းပရေး၊ လုံခြုံရေးအခြေအနေ ထပ်ဆိုးမလာအောင် (အပစ်အခတ်ရပ်စဲရေး အပါအဝင် နည်းလမ်းပေါင်းစုံသုံးပြီး) ခွေထားရေးနဲ့ ကိုဗစ်ထိန်းချုပ်မှုအလွန် တရုတ်ရဲ့ဒေသတွင်း မဟာဗျူဟာ စီးပွားရေးအဖွင့်မှာ မြန်မာနိုင်ငံကို အရေးပါတဲ့နေရာတခုအဖြစ် အသုံးပြုနိုင်ရေးတွေက အဓိကဖြစ်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ စစ်တပ်နဲ့ အရပ်ဘက် အုပ်စိုး

- သူ့အဆက်ဆက်ဟာ ပြည်ပနိုင်ငံ (ဒါမှမဟုတ်) ကုလသမဂ္ဂနဲ့ အာဆီယံနိုင်ငံစုံအဖွဲ့တွေက တွန်းအားပေးတိုင်း လိုက်လုပ်တာ၊ ပြည်ပကတီးတဲ့ တီးလုံးအတိုင်း လိုက်ကတာမျိုး ကတော့ ဖြစ်ခဲ့လှပါတယ်။ မြစ်ဆုံဆည်အရေးကနေ ရိုဟင်ဂျာအရေးအထိ မြန်မာနိုင်ငံ အပေါ် တရုတ်နိုင်ငံတင်မက အနောက်နိုင်ငံတွေရဲ့ပြင်ပက ဩဇာလွှမ်းမိုးဖိအားပေးမှုဟာ အပြောင်းအလဲအတွက် တစုံတရာ အထောက်အကူ ဖြစ်ကောင်းဖြစ်စေနိုင်ပေမယ့် ယတိ ပြတ် အလုံးစုံအပြောင်းအလဲကို မဖြစ်စေခဲ့ပါဘူး။ ပြင်ပက စစ်ရေးလို ပါဝါအမာ အင်အား သုံး ဖိအားပေးလို့ ပြောင်းလဲတန်ခြေမျိုးမှအပ ပြင်ပဩဇာလွှမ်းမိုးမှုကို လိုတာထက် ပို မတွက်ဖို့လည်း သတိပြုရပါမယ်။ ■

---

ယခုဖော်ပြသည့် ISP’s OnPoint ကဏ္ဍတွင် လတ်တလော ဖြစ်ပေါ်နေသော ထူးခြားအရေးပါသည့် ဖြစ်ရပ် များနှင့်ပတ်သက်၍ ဆီလျော်မည့် ကနဦးသုံးသပ်ချက်များကို ကျစ်ကျစ်လျစ်လျစ် ပိုင်းခြားရေးသားပြီး ဖြစ် တန်ခြေများအား ISP-Myanmar က အကဲဖြတ်ဖော်ပြနေခြင်း ဖြစ်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202